## ဓမ္မဒါနလက်ဆောင်

သင် နှင့် သင့်မိသားစု အတွက်

သိမှတ်ဖွယ် မှတ်ဖွယ် လိုက်နာဖွယ်များ

စုံလင်စွာ ပါရှိပါသည်။

ဗုဒ္ဓံ ဓမ္မံ သံဃံ

ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော

# အကြောင်း နှင့် အကျိုးဆက်

## တရားတော်များ

ပြည်ကျော်လွင်(ပညာရေး)

Generated by CamScanner from intsig.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

ဗုဒ္ဓ ဘုရားရှင် ဟောကြားခဲ့သော

# အကြောင်း နှင့် အကျိုးဆက် တရားတော်များ

ပြည်ကျော်လွှင် (ပညာရေး)

သင်နှင့် သင့်မိသားစုအတွက်
သိဖွယ် မှတ်ဖွယ် လိုက်နာဖွယ်ရာများ
စုံလင်စွာ ပါရှိပါသည်။

Generated by CamScanner from intsig.com

## ပုံနှိပ်မှတ်တမ်း

ဘာသာရေး

စာမူခွင့်ပြုချက် --- ၃၅၆/၂၀၀၁ (၆)

မျက်နှာဖုံးခွင့်ပြုချက် --- ၃၆၆/၂၀၀၁ (၇)

ထုတ်ဝေခြင်း --- ပထမအကြိမ်

ထုတ်ဝေသည့်ကာလ --- ၂၀၀၁ ခုနှစ်၊ ဇွန်လ

အုပ်ရေ --- ၄၀၀၀

ထုတ်ဝေသူ --- ဦးတင့်လွင်
သော်ကစာပေ
(၆၀၅) သုဓမ္မာလမ်း၊
(၄)ရပ်ကွက်၊ မ/ဉက္ကလာ

ပုံနှိပ်သူ --- ဝင်းထွန်းပုံနှိပ်တိုက်
(၃၇) ရေကျော်လမ်းမ
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။

ဖြန့်ချိရေး --- ဒေါ်ညွန့်ဝေ
ပိဋကတ်စာအုပ်ဆိုင်
အမှတ် ၃၉/၄၀
ရွှေတိဂုံတောင်ဘက်မုခ်
ဒဂုံစာတိုက်၊ ရန်ကုန်။

တန်ဖိုး ---

မူပိုင် --- နေဝင်းထွန်း၊ ညီညီမြတ်



# ဗုဒ္ဓဘုရားရှင် ဟောကြားခဲ့သော အကြောင်းနှင့် အကျိုးဆက် တရားတော်များ

ပြည်ကျော်လွင် (ပညာရေး)

✧✧✧✧✧

- ပေါ့ပေါ့ ပါးပါး စာဖတ်ပရိတ်သတ်များ
- မျိုးဆက်သစ် လူငယ်လူရွယ်များ
- ဘာသာရေး အခြေခံ ဗဟုသုတ အားနည်းသူများအတွက် ရည်ရွယ်၍ ဤစာတမ်းကို ပြုစုအပ်ပါသည်။

ဤအကြောင်းနှင့် အကျိုးဆက်တရားတော်များသည် စိတ်ကူးဖြင့် ရေးသားထားခြင်း မဟုတ်ဘဲ၊ ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော တရားတော်များမှ ကောက်နုတ်ချက်များ ဖြစ်ပါသည်။



Generated by CamScanner from intsig.com

ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့်

(၁) ကောင်းမှုကုသိုလ် ပြုလုပ်လိုစိတ်များ ဖြစ်လာပါလိမ့်မည်။

(၂) မကောင်းမှု အကုသိုလ်များ ပြုလုပ်ရန် ကြောက်ရွံ့လာပါလိမ့်မည် ရှောင်ကြဉ်လိုစိတ် ဖြစ်လာပါလိမ့်မည်။

(၃) လူငယ် လူရွယ်များ ဖတ်ရှု လေ့လာခြင်းဖြင့် လူလိမ္မာ လူယဉ်ကျေးများ ဖြစ်လာပါလိမ့်မည်။

(၄) ဗုဒ္ဓဘုရားရှင် ဟောတော်မူခဲ့သော ကံ၊ ကံ၏အကျိုးကို ယုံကြည်သက်ဝင် လေးစားလာပါလိမ့်မည်။

**စာမူကို မေတ္တာဖြင့် ဖတ်ရှုတည်းဖြတ်ပေးတော်မူသော မင်္ဂလာတောင်ညွန့်မြို့နယ် ဓမ္မိကာရုံ ပါဠိတက္ကသိုလ်မှ (အဂ္ဂမဟာပဏ္ဍိတ သာသနဓဇ သီရိပဝရ ဓမ္မစရိယ ဝိနယပါဠိ ပါရဂူဘွဲ့တံဆိပ်တော်ရ) နာယကဆရာတော်ဘုရားအား ရှိခိုးဦးခိုက် ကန်တော့အပ်ပါသည်။**



## အကြောင်း နှင့် အကျိုးဆက် တရားတော်များ

## ကောင်းမှု ကုသိုလ် အကျိုးဆက်များ

၁။ ယခုဘဝတွင် မျက်စိကြည်လင်ရခြင်း **အကျိုးမှာ** ရှေးဘဝများက ဘုရားထံ (ဆီမီး) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၂။ ယခုဘဝတွင် လူချစ်လူခင် ပေါများရခြင်း **အကျိုးမှာ** ရှေးဘဝများက ဘုရားထံ (အမွှေးတိုင်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၃။ ယခုဘဝတွင် လာဘ်လာဘပေါများရခြင်း၊ အခြံအရံပေါများရခြင်း **အကျိုးတို့မှာ** ရှေးဘဝများက ရဟန်း၊ သံဃာတော်များကို (သပိတ်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၄။ ယခုဘဝတွင် ကိုယ်ပိုင်ကား ပိုင်ဆိုင်ရခြင်း **အကျိုးမှာ** ရှေးဘဝများက (တံတား) ဆောက်လုပ် လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၅။ ယခုဘဝတွင် မျက်နှာအမြဲ ရွှင်လန်းနေရခြင်း **အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ထောပတ်နှင့်ဆီ) တို့ လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၆။ ယခုဘဝတွင် ချစ်ဖွယ်ကောင်းသောမိန်းမ၊ လင်အကြိုက်ကို လိုက်သောမိန်းမ ရရှိပိုင်ဆိုင်ရခြင်း **အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (အိုး) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။





၇။ ယခုဘဝတွင် ချောင်းဆိုး၊ ရင်ကြပ်၊ ပန်းနာရောဂါကင်းရခြင်း **အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (သွားပွတ်တံ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်သည်။

၈။ ယခုဘဝတွင် သားကောင်း ရတနာ ထွန်းကားရခြင်း **အကျိုးမှာ** ရှေးဘဝများက(တောင်ဝှေး) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်

၉။ ယခုဘဝတွင် ကိုယ်ခန္ဓာအချိုးအစား လှပတင့်တယ်ပြီး၊ ရုပ်ရည်ချောမောရခြင်း **အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ဆီပုလင်း ဆီပုံး) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၁၀။ ယခုဘဝတွင် ချမ်းသာကြွယ်ဝရခြင်း**အကျိုး**မှာ ရှေးဘဝများက ရဟန်း၊ သံဃာတော်များအား (ယာဉ်၊ကား) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၁၁။ ယခုဘဝတွင် အမျက်ဒေါသနည်းရခြင်း **အကျိုး**မှာ၊ ရှေးဘဝများက ရဟန်း သံဃာတော်များအား(သော့အိမ်နှင့် သော့ခလောက်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၁၂။ ယခုဘဝတွင် စိတ်ပူပန်ဆင်းရဲခြင်းကို မခံစားရခြင်း**အကျိုး**မှာ ရှေးဘဝများက ရဟန်း သံဃာတော်များကို (ယပ်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။





၁၃။ ယခုဘဝတွင် အသားအရေနူးညံ့ ပျော့ပျောင်းပြီး ရွှေရောင်အဆင်းရှိရခြင်း**အကျိုး**မှာ ရှေးဘဝများက ရဟန်းသံဃာတော်များအား (ရေသုတ်ပဝါ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၁၄။ ယခုဘဝတွင် ပိုးထည်၊ ဖဲထည်၊ အဝတ်အစားကောင်းအမျိုးမျိုး ဝတ်ဆင်နိုင်ခြင်း**အကျိုး**မှာ ရှေးဘဝများက ရဟန်းသံဃာတော်များအား (သင်္ကန်း) လှူဒါန်းခဲ့သော**အကြောင်းကြောင့်** ဖြစ်ပါသည်။

၁၅။ ယခုဘဝတွင် ရုပ်အဆင်းလှပခြင်း**အကျိုး**မှာ ရှေးဘဝများက ဘုရားထံ (ပန်း) ကပ်လှူဒါန်းခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။

F2 A



Generated by CamScanner from intsig.com

၁၆။ ယခုဘဝတွင် လူစည်းစိမ်၊ နတ်စည်းစိမ်များဖြင့် နေရပြီး၊ မိန်းမလှများကို ရရှိခြင်း**အကျိုးတို့မှာ** ရှေးဘဝများက ဘုရားစေတီတို့၌ (တံခွန်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၁၇။ ယခုဘဝတွင် နှာစေးချောင်းဆိုးရောဂါမျိုးမျှ မကပ်ရောက်ဘဲ၊ ကျန်းမာစွာဖြင့် အသက်ရှည်ခြင်း **အကျိုးမှာ** ရှေးဘဝများက ရဟန်း၊ သံဃာတော်များအား (ဆေးပစ္စည်းများ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။





၁၈။ ယခုဘဝတွင် မိမိအား အကျိုးပြု လုပ်ကျွေးမည့် ကျွဲနွားကောင်း အလုပ်သမားကောင်း၊ အိမ်ဖော်ကောင်း၊ ထမင်းချက်ကောင်းစသည့်တို့ရရှိရခြင်း**အကျိုးတို့မှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (လက်သည်းလှီးဓား၊ လက်သည်းညှပ်) တို့ လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၁၉။ ယခုဘဝတွင် မိမိကို ချစ်ခင်အားပေးသော ပရိသတ်မပြိုကွဲရခြင်း**အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ရေစစ်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၂၀။ ယခုဘဝတွင် စီးစရာ ယာဉ်ကားများ ပိုင်ဆိုင်ရခြင်း**အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ဖိနပ်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၂၁။ ယခုဘဝတွင် ဟာသဉာဏ်ရှိသူဖြစ်ရခြင်း **အကျိုးမှာ** ရှေးဘဝများက ဘုရားထံ (အမွှေးတိုင်) ကပ်လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၂၂။ ယခုဘဝတွင် ချစ်သူနှင့် ကွေကွင်းရခြင်း မရှိဘဲ ချစ်ရသူနှင့် ပေါင်းဖော်ရခြင်း **အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ဆေးပစ္စည်းများ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။





၂၃။ ယခုဘဝတွင် ခွန်အားဗလပြည့်စုံရခြင်း **အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ဆွမ်း) ကပ်လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၂၄။ ယခုဘဝတွင် မျက်စိကျယ်ဝန်းတောက်ပကြည်လင်ပြီး ပညာမျက်စိကိုရရှိခြင်း**အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (မျက်စဉ်း) လှူဒါန်းခဲ့သော**အကြောင်းကြောင့်** ဖြစ်ပါသည်။

၂၅။ ယခုဘဝတွင် ကားတိုက်၍ မသေခြင်း၊ ရေနစ်၍ မသေခြင်း၊ လေယာဉ်ပျက်ကျ၍ မသေခြင်း၊ စသော အသေဆိုးဖြင့် မသေနိုင်ခြင်း**အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ရေစစ်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၂၆။ ယခုဘဝတွင် ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်ခြင်းနှင့် အဝတ်အထည်အမျိုးမျိုး ဝတ်ဆင်ရခြင်း **အကျိုးတို့မှာ** ရှေးဘဝများက (အဝတ်ပုဆိုး) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၂၇။ ယခုဘဝတွင် ရန်သူမရှိ၊ အပူအအေးဒုက္ခကို မခံစားရ၊ လူအရှိအသေခံရခြင်း **အကျိုးတို့မှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ထီး) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၂၈။ ယခုဘဝတွင် တရားအားထုတ်ရာ၌ အခြားသူများထက် ဉာဏ်သက်ဝင်နိုင်ခြင်း**အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (ခေါင်းအုံး) လှူဒါန်းခဲ့သော**အကြောင်းကြောင့်** ဖြစ်ပါသည်။





၂၉။ ယခုဘဝတွင် ပင်ပန်းနွမ်းနယ်မှု နည်းပါးရခြင်း **အကျိုးမှာ**ရှေးဘဝများက ရဟန်းသံဃာတော်များအား (သော့အိမ်နှင့် သော့ခလောက်) လှူဒါန်းခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။

၃၀။ ယခုဘဝ၌ အသံကောင်းခြင်း၊ အသံချိုသာခြင်း၊ ခံတွင်းအနံ့ကောင်းခြင်း **အကျိုးတို့မှာ** ရှေးဘဝများက ရဟန်းသံဃာတော်များအား (သွားပွတ်တံ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၃၁။ ယခုဘဝ၌ ပညာရှိ ဖြစ်ရခြင်း**အကျိုးမှာ** ရှေးဘဝများက ဘုရားထံ (ဆီမီးတိုင်၊ မီးအိမ်၊ မီးခွက်) တို့ ဆက်ကပ်လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၃၂။ ယခုဘဝ၌ အသက်ရှည်ရခြင်း**အကျိုး**မှာ ရှေးဘဝများက တိရိစ္ဆာန်များ၏အသက်ကို ဘေးမဲ့ပေး၍ လှူဒါန်းခဲ့ခြင်း လူတို့၏ အသက်ကို ကယ်တင်ခဲ့ခြင်း **အကြောင်းများကြောင့်** ဖြစ်ပါသည်။

၃၃။ ယခုဘဝတွင် မြင့်မြတ်သော အမျိုး၌ လူဖြစ်ရခြင်း**အကျိုး**မှာ ရှေးဘဝများက၊ ရဟန်းသံဃာတော်တို့အား (မြတ်သောအခင်း၊ အထပ်များစွာရှိသောအခင်း၊ အမွေးရှည်သောအခင်း၊ ကော်ဇောခင်းများ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၃၄။ ယခုဘဝတွင် ပစ္စည်းဥစ္စာ ချမ်းသာခြင်းနှင့် ပြည့်စုံပြီး လုံခြုံစိတ်ချ ဘေးရန်ကင်းရခြင်း **အကျိုး**မှာရှေးဘဝများက ရဟန်းသံဃာတော်များအား (သေတ္တာ၊ ဗာ၊ ဘူး) စသော ထားသိုစရာအသုံး အဆောင်များ လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။





၃၅။ ယခုဘဝတွင် လက်နက်လည်းမစူးရှနိုင်၊ အဆိပ်လည်းမသင့်နိုင်၊ ရေလည်းမနစ်နိုင်ခြင်း **အကျိုး**တို့မှာ ရှေးဘဝများက (ဆွမ်းစားကျောင်း၊ အာရုံခံတန်ဆောင်း) တို့ လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၃၆။ ယခုဘဝတွင် ချမ်းသာကြွယ်ဝပြီး ပျော်ရွှင်ဖွယ်ရာဘဝကို ပိုင်ဆိုင်ခြင်း**အကျိုး**မှာ ရှေးဘဝများက (အလှူခံပုဂ္ဂိုလ်၏ အလိုဆန္ဒကိုသိ၍ ဝန်တိုခြင်းကင်းစွာ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၃၇။ ယခုဘဝ၌ ရုပ်ဆင်းအင်္ဂါ တင့်တယ်ခြင်း၊ အကြီးအကဲဖြစ်ရခြင်း**အကျိုး**မှာ ရှေးဘဝများက (ဘုရား၊ စေတီတို့အား ရွှေချခြင်း၊ ရွှေပြာကပ်ခြင်း) ကောင်းမှုတို့ကို လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

F.3A



Generated by CamScanner from intsig.com

၃၈။ ယခုဘဝ၌ အနာရောဂါလည်းမရှိ ပူအိုက်ခြင်း ဒဏ်လည်း မခံစားရခြင်း**အကျိုးမှာ** ရှေးဘဝများက ဘုရားအား (ရေမွှေး၊ နံ့သာရေ) တို့ ကပ်လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၃၉။ ယခုဘဝ၌ ပစ္စည်းဥစ္စာအသုံးအဆောင်များ ပြည့်စုံချမ်းသာပြီး ဇနီးမယား၊ သားသမီး အခြွေအရံများအပေါ် သြဇာအာဏာတည်ခြင်း **အကျိုးမှာ** ရှေးဘဝက လှူဖွယ်ဝတ္ထုများကို လှူဒါန်းရာတွင် အလှူခံပုဂ္ဂိုလ်တို့အား ရိုရိုသေသေ လေးလေးစားစား ဂါဝရထား၍ လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၄၀။ ယခုဘဝတွင် အဆင်းလှခြင်း **အကျိုးမှာ** ရှေးဘဝများက (ကြည်လင်သောစိတ်ဖြင့်) အလှူဒါနများ ပြုခဲ့သော**အကြောင်းကြောင့်** ဖြစ်ပါသည်။





၄၁။ ယခုဘဝတွင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ ချမ်းသာခြင်း ပြည့်စုံရခြင်း **အကျိုးမှာ** ရှေးဘဝများက ရဟန်းသံဃာတော်တို့အား (အပ်နှင့်အပ်ချည်ဘူး) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၄၂။ ယခုဘဝတွင် လာဘ်လာဘပေါများခြင်း အခြွေအရံပေါများခြင်း အစားအသောက် ပေါများရခြင်း **အကျိုးတို့မှာ** ရှေးဘဝများက ရဟန်းသံဃာတော်တို့အား (ဆွမ်းနှင့် အဖျော်ယမကာ) များ လှူဒါန်းခဲ့သော**အကြောင်းကြောင့်** ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၄၃။ ယခုဘဝတွင် ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ နတ်အပေါင်းတို့က ချစ်ခင်လေးစားခြင်း၊ ကျေးငှက် တိရိစ္ဆာန်၊ ငါးလိပ်တို့က မိမိ အလိုသို့လိုက်ခြင်း **အကျိုးတို့ကို** ရရှိရခြင်းမှာ ရှေးဘဝများက ရဟန်း သံဃာတော်များအား (သစ်သီးစုံ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၄၄။ ယခုဘဝတွင် မသန့်ရှင်းသော **သိန်းကုဋ်ထောင်ဖိုး** ဝတ္ထုပစ္စည်း အလှူ၏ အကျိုးသည် ဆင်းရဲသား တစ်ဦးက သန့်ရှင်းသော **တစ်ကျပ်တန်** ဝတ္ထုပစ္စည်း အလှူအကျိုး၏ (၂၅၆) ပုံ (၁) ပုံကိုမျှ မမှီနိုင်ပါ။





**(မှတ်ချက်) မိမိတို့၏ ကာယလုပ်အား ဉာဏလုပ်အားတို့မှ ရရှိလာသည့် သန့်ရှင်းသောငွေကို ခြိုးခြံချွေတာစွာ စားသုံးပြီး ပိုငွေကို တိုင်းတိုင်းထွာထွာဖြင့် တက်အားသ၍ အလှူဒါနပြုနေသူများ ဝမ်းမြောက်အားတက်ဖွယ် ဖြစ်ပေသည်။**

၄၅။ ယခုဘဝတွင် ချမ်းချမ်းသာသာအိပ်စက်ရခြင်း၊ အိပ်မက်ကောင်းများ မြင်မက်ရခြင်း၊ လူနတ် အပေါင်းတို့ ချစ်ခင်စောင့်ရှောက်ခြင်း၊ ကြည်ကြည်လင်လင်သေရခြင်း စသည့်**အကျိုးများ**မှာ ယခုဘဝတွင် အားလုံးသော သတ္တဝါများအပေါ်၌ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြစေရန် မေတ္တာပွားများနေသော **အကြောင်းကြောင့်** ဖြစ်ရပါသည်။



Generated by CamScanner from intsig.com

၄၆။ ယခုဘဝတွင် ပင်ပန်းမှုကင်းရခြင်း အသက် ရှည်ရခြင်း**အကျိုး**မှာ ရှေးဘဝများက ရဟန်း သံဃာတော်များအား (နဖာကလော်) လှူဒါန်း ခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

**(မှတ်ချက်)** ဗုဒ္ဓဘုရားရှင်သည် ရဟန်း သံဃာတော်များအတွက် (နဖာကလော်) ဆယ်မျိုးကိုသာ သုံးစွဲခွင့် ပြုတော်မူခဲ့သည်။

| | |
|---|---|
| (၁) အရိုး | (၂) ဆင်စွယ် |
| (၃) ဦးချို | (၄) ကျူရိုး |
| (၅) ဝါး | (၆) သစ်သား |
| (၇) ချိပ် | (၈) သစ်သီး |
| (၉) ကြေး၊ သံ | (၁၀) ခရုသင်း |

နဖာကလော် တို့ဖြစ်ပါသည်။ ***(သတိပြုရန်မှာ)*** ရွှေနဖာ ကလော်၊ ငွေနဖာကလော်တို့ကို စေတနာ လွန်ကဲပြီး မလှူသင့်ပါ။





၄၇။ ယခုဘဝတွင် ချမ်းသာကြွယ်ဝပြီး အိမ်ကောင်း၌နေရခြင်း အဝတ်အစားကောင်းများ ဝတ်ရခြင်း ပစ္စည်းကောင်းများ သုံးစွဲရခြင်း **အကျိုးတို့**မှာ ရှေးဘဝများက လှူဒါန်းမှုများ ပြုလုပ်ရာတွင် အလှူဝတ္ထုပစ္စည်းအပေါ် ကပ်ငြိတွယ်တာစိတ်မထားဘဲ (စေတနာ သုံးတန်) ဖြင့် လှူဒါန်းခဲ့သော **အကြောင်း ကြောင့်** ဖြစ်ပါသည်။

**(မှတ်ချက်)** အလှူဒါနပြုရာတွင် ထားရှိ အပ်သော **စေတနာသုံးတန်** ဆိုသည်မှာ

(က) အလှူဒါန ပြုလုပ်ရန် ရည်ရွယ်၍ လှူဖွယ်ဝတ္ထုတို့ကို စတင်စုဆောင်းရှာဖွေသည့်အချိန် မှစ၍ "ငါသည် နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း အထောက်အပံ့ဖြစ်စေရန်အတွက် လည်းကောင်း၊ နိဗ္ဗာန်မရောက်မီ သံသရာတွင် ကောင်းကျိုးချမ်းသာ ရစေရန်အတွက်လည်းကောင်း၊ ကောင်းမှုကုသိုလ် ပြုရတော့မည်" ဟု မလှူမီဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်း (ပုဗ္ဗစေတနာဟု ခေါ်ပါသည်) (သတိပြုရန်မှာ) အလှူကို အကြောင်းပြု၍ ထင်ရှားကျော်ကြားလို စိတ်များ မရှိရပါ။





လှူရန် ပစ္စည်း စုဆောင်းစီစဉ်နေချိန်တွင် အလှူနှင့် ပတ်သက်ပြီး မိသားစု အချင်းချင်း မကျေမနပ် မဖြစ်ရပါ။ စကားများခြင်း မဖြစ်ရပါ။ တွန့်ဆုတ်သောစိတ်များ မဖြစ်ပေါ်ရပါ။ မိသားစု အားလုံး ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ဝိုင်းဝန်းလုပ်ဆောင်နိုင်အောင် ကြိုးစားပါ။

(ခ) လှူဖွယ်ဝတ္ထုအစုစုကို အလှူခံ ပုဂ္ဂိုလ်၏ လက်သို့ ရိုသေစွာထည့်၍ စွန့်လွှတ်သောစိတ်ဖြင့် ပေးလှူပါ။ ပေးလှူနေဆဲအချိန်တွင် စိတ်ကြည်လင် ရွှင်လန်းနေခြင်း ဖြစ်အောင် ကြိုးစားပါ။ (မုဥ္စစေတနာဟု ခေါ်ပါသည်)



Generated by CamScanner from intsig.com

(သတိပြုရန်မှာ) တစ်စုံတစ်ခုသော လောကီအကျိုးကို မမျှော်လင့်ဘဲ ရက်ရက်ရောရော လှူရပါမည်။

(ဂ) ပေးလှူပြီးနောက် ပေးကမ်းလှူဒါန်းမှု ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုက်ရလေပြီဟု အကြိမ်ကြိမ် အထပ်ထပ် သတိရခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်း။ (အပရ စေတနာဟု ခေါ်ပါသည်။)

(သတိပြုရန်မှာ) ဤသို့သော အလှူမျိုး နောက်ထပ်လှူချင်သေးသည်ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလျှင် အပရစေတနာ တိုးပွားရာရောက်ပါသည်။

ငါလှူမိတာ မှားလေစွဟု မကျေမနပ် ဖြစ်လျှင် အပရစေတနာ ပျက်လေသည်။





၄၈။ ယခုဘဝတွင် နေ့ညမပြတ် အချိန်နှင့်အမျှ ကောင်းမှုကုသိုလ် တိုးပွားနေခြင်း **အကျိုးမှာ** ယခုဘဝတွင် အများအတွက်

(၁) အရိပ်ရပင်၊ သီးပင်၊ ပန်းပင်တို့ စိုက်ပျိုး လှူဒါန်းခြင်း

(၂) ရေတွင်း၊ ရေကန်၊ သောက်ရေအိုးစင်တို့ ဆောက်လုပ်လှူဒါန်းခြင်း

(၃) ဇရပ်၊ သိမ်၊ ကျောင်းတို့ ဆောက်လုပ်လှူဒါန်းခြင်း

(၄) တံတားများ ဆောက်လုပ်လှူဒါန်းခြင်း

**အကြောင်းများကြောင့်**ဖြစ်ပါသည်။

၄၉။ မိမိလိုချင်တောင့်တနေသော ပစ္စည်းများကို လိုအပ်နေသောအချိန်တွင် တစ်နည်းနည်းဖြင့် ရရှိလာ ရခြင်း**အကျိုးမှာ** ရှေးဘဝများက (အချိန်အခါနှင့်လိုက်လျောစွာ) လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။



Generated by CamScanner from intsig.com

**(မှတ်ချက်) အချိန်အခါနှင့်လိုက်လျောစွာ လှူဒါန်းခြင်းဆိုသည်မှာ** –

(၁) ဝါဆိုအချိန်တွင် ဝါဆိုသင်္ကန်းအလှူ။

(၂) ကထိန်အချိန်တွင် ကထိန်သင်္ကန်း အလှူ။

(၃) အာရုံအချိန်တွင် အာရုံဆွမ်းအလှူ။

(၄) မွန်းမတည့်မီ နေ့ဆွမ်းအလှူ။

(၅) မွန်းလွဲချိန်တွင် အဖျော်ရည်အလှူ။

(၆) ညော်သံဃာတော် တစ်ပါးပါးနှင့် ကြုံကြိုက်၍ မွန်းမတည့်မီ အချိန်မီ ကပ်လှူသော ဆွမ်းအလှူ။

(၇) မကျန်းမာသော သံဃာတော် တစ်ပါးပါးနှင့် ကြုံကြိုက်၍ ကပ်လှူသောဆေးအလှူ. . . စသည်တို့ ဖြစ်ကြပါသည်။





၅၀။ ယခုဘဝတွင် ချမ်းသာကြွယ်ဝ၍၊ မိမိ၏ ပစ္စည်းဥစ္စာများကို၊ သူတစ်ပါးလုယူ၍မရ၊ ခိုးယူ၍မရ၊ ဖျက်ဆီး၍ မရ၊ ရန်သူမျိုးငါးမျိုးတို့ မဖျက်ဆီးနိုင်ခြင်း**အကျိုး**မှာ ရှေးဘဝများက အလှူဒါနပြုခဲ့ရာတွင် မိမိနှင့်သူတစ်ပါး နှစ်ဦးသားကို မထိပါးအောင် လှူဒါန်းခဲ့သော **အကြောင်း**ကြောင့်ဖြစ်ပါသည်။

**(မှတ်ချက်) မိမိနှင့်သူတစ်ပါးနှစ်ဦးသား မထိပါးအောင် လှူဒါန်းနည်း ဆိုသည်မှာ**

(က) ငါသာ လှူနိုင်တာကွ၊ သူများတွေ ငါ့လောက်မလှူနိုင်ဘူးဟု မိမိကိုယ်ကို မြှင့်တင်ပြီး သူတစ်ပါးကို နှိမ့်ချခြင်းမှ လွတ်ကင်းခဲ့ခြင်း။

(ခ) မိမိ၏ အလှူဒါနအတွက် လှူ၊ တိရစ္ဆာန်တို့ကို ညှဉ်းဆဲခြင်း၊ သတ်ဖြတ်ခြင်းစသော ဒုစရိုက်မှုမျိုးမှ လွတ်ကင်းခဲ့ခြင်းတို့ဖြစ်ပါသည်။

၅၁။ ယခုဘဝတွင် လူတစ်ဦးသည် အခြားလူများထက် –

(၁) လူ၌ဖြစ်သော အသက်

(၂) လူ၌ဖြစ်သော အဆင်း

(၃) လူ၌ဖြစ်သော ချမ်းသာ

(၄) လူ၌ဖြစ်သော အခြံအရံ

(၅) လူ၌ဖြစ်သော အစိုးရခြင်း

တို့သာလွန်ရခြင်း **အကျိုးမှာ** ရှေးဘဝများက ထိုလူသည် အခြားလူများထက် ပို၍ အလှူဒါနပေးလှူခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။





**(မှတ်ချက်)** မိမိထက် အဖက်ဖက်က သာလွ
ချမ်းသာနေသူများကို တွေ့လျှင် ဤအကြော
နှင့်အကျိုးဆက် တရားသဘောကို နှလုံးသွ
တတ်ရန် လိုအပ်ပါသည်။ မနာလို မရှုစိမ့်သေ
မစ္ဆရိယ အကုသိုလ်စိတ်များ မထားမိစေရ
သတိပြုသင့်ပါသည်။

၅၂။ ယခုဘဝတွင် အလုံးစုံပြည့်စုံကြွယ်ဝခြ
**အကျိုးမှာ** ရှေးဘဝများက ရဟန်
သံဃာတော်များအတွက် (ကျော
လှူဒါန်းခဲ့သော **အကြောင်းကြော**
ဖြစ်ပါသည်။

**(မှတ်ချက်)** ကျောင်းဆောက်လုပ်လှူဒါ
**သင့်သော နေရာသ**
**အင်္ဂါငါးရပ်နှင့် ပြည့်စုံ**
**လိုအပ်ပါသည်။**



Generated by CamScanner from intsig.com

(၁) မြို့ရွာနှင့် မဝေးလွန်းခြင်း

(၂) မြို့ရွာနှင့် မနီးလွန်းခြင်း

(၃) သွားလမ်း လာလမ်း ပြည့်စုံခြင်း

(၄) လူအများ သွားလာရန် လွယ်ကူခြင်း

(၅) လူသံ မြို့သံ တို့မှ ကင်းခြင်း

တို့ဖြစ်ပါသည်။

၅၃။ ယခုဘဝတွင် ညောင်စေ့လောက် အနည်းငယ် လှူရုံမျှဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာ အတွက် ညောင်ပင်ကြီးလောက် **အကျိုးကြီးမားရခြင်းမှာ**

(၁) လှူဒါန်းလိုက်သောပစ္စည်းသည် မိမိလုပ်အားဖြင့် ရိုးသားစွာ ရှာဖွေထားသည့် သန့်ရှင်းစင်ကြယ်သော အလှူပစ္စည်း ဖြစ်နေခြင်း၊





(၂) စေတနာသုံးတန် ထက်သန်စွာဖြင့် လှူဒါန်းခြင်း (စာမျက်နှာ ၂၃ တွင် ရှင်းလင်းထားပြီး)

(၃) အလှူပြုလုပ်ရာတွင် ပြည့်စုံအပ်သော **အင်္ဂါငါးပါးနှင့် ပြည့်စုံနေခြင်း အကြောင်းများကြောင့်** ဖြစ်ပါသည်။

**(မှတ်ချက်)** ပေးလှူရာတွင် **အင်္ဂါငါးပါး** နှင့် ညီညွတ်အောင် လှူဒါန်းနည်း ဆိုသည်မှာ

(၁) ကံ ကံ၏အကျိုးကို ယုံကြည်စွာ လှူဒါန်းခြင်း

(၂) **အလှူခံပုဂ္ဂိုလ်အား** ရိုသေလေးစားစွာ လှူဒါန်းခြင်း

(၃) အချိန်အခါနှင့် လျော်ညီစွာ လှူဒါန်းခြင်း။ (ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း --- စသဖြင့်)



Generated by CamScanner from intsig.com

(၄) အလှူပစ္စည်းအပေါ်တွင် သံယောဇဉ် မထားဘဲ တွယ်တာမှုကို ရှင်းရှင်းကြီး ဖြတ်၍ လှူဒါန်းခြင်း

(၅) မိမိကိုယ်ကိုလည်း မဝါကြွား၊ သူတစ်ပါးကိုလည်း မနှိမ့်ချ၊ မိမိ အလှူအတွက်မည်သည့် လူ၊ တိရစ္ဆာန်ကိုမျှ မညှဉ်းဆဲ မသတ်ဖြတ်ဘဲ မိမိနှင့် သူတစ်ပါးနှစ်ဦးသား ကို မထိပါးအောင် လှူဒါန်းခြင်း တို့ဖြစ်ပါသည်။

၁၄။ ယခုဘဝမှ သေလွန်သော် နတ်ပြည်သို့ ရောက်ရခြင်း**အကျိုး**မှာ ယခုဘဝတွင် အလှူဒါနအမျိုးမျိုး ပြုလုပ်ခြင်း၊ ဥပုသ် သီလစောင့်ခြင်း၊ **အကြောင်းများ**ကြောင့် ဖြစ်ပါသည်။





## နတ်ဘုံ လောက

(က) ယခု လူသားများနေထိုင်သော စကြဝဠာနည်းတူ၊ အခြားစကြဝဠာ၌ နတ်ပြည်ခြောက်ထပ် ရှိပါသည်။

(ခ) စာတုမဟာရာဇ်နတ်ဘုံနှင့် တာဝတိံသာ နတ်ဘုံတို့သည် မြင့်မိုရ်တောင် ပေါ်တွင် ရှိကြသဖြင့် မြေကြီးနှင့် မကင်းကြပါ။ ယာမာ၊ တုသိတာ၊ နိမ္မာနရတီ၊ ပရနိမ္မိတဝသဝတ္တီ၊ နတ်ဘုံများသည် မြေကြီးနှင့် ကပ်ငြိခြင်းမရှိဘဲ ကောင်းကင်ထက်၌ ၎င်းတို့၏ တန်ခိုးအာနုဘော်ဖြင့် ရပ်တည်နေကြပါသည်။



Generated by CamScanner from intsig.com

(ဂ) နတ်တို့၏သက်တမ်းသည် နတ်သက် အနည်းဆုံး အနှစ်ငါးရာမှ နတ်သက် အများဆုံး အနှစ်တစ်သောင်း ခြောက်ထောင် ရှည်ကြပါသည်။

(ဃ) နတ်သက်တစ်ရက်သည် အနည်းဆုံး လူ့အသက် အနှစ်ငါးဆယ်နှင့် ညီမျှပါသည်။ နတ်ဘုံခြောက်ထပ်ကို လိုက်၍ မတူညီကြပါ။

(င) နတ်တို့၏ သက်တမ်းသည် အနည်းဆုံး လူ့အသက် နှစ်ပေါင်းကိုးသန်းမှ အများဆုံး လူ့အသက် နှစ်ပေါင်း ကိုးရာနှစ်ဆယ့်တစ်ကုဋေခြောက်သန်းနှင့် ညီမျှပါသည်။ နတ်ဘုံ ခြောက်ထပ်ကို လိုက်၍ မတူညီကြပါ။





(စ) နတ်ပြည် ခြောက်ထပ်ရှိ နတ်အားလုံး သည် လူသားများကဲ့သို့ ကာမဂုဏ် ခံစားကြပါသည်။ နှိုင်းစာလျှင် လူတို့၏ ကာမဂုဏ်ချမ်းသာထက် အဆပေါင်းသမုဒ္ဒရာရေပမာရှိပါသည်။

(ဆ) **အထူးသတိချပ်ရန်မှာ နတ်ဘုံ သည် လူ့ဘုံထက် အဆက်တန်း ကျသည်ဟု ဆိုနိုင်သော်လည်း ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် တို့ကို လူ့ဘုံ လောက် ကုသိုလ်ပြုခွင့် မရကြပါ။**

(ဇ) အလိုရှိတိုင်း ကုသိုလ်ပြုခွင့်ရသည်မှာ လူ့ဘုံသာဖြစ်ပါသည်။ ထို့ကြောင့် လူ့ဘဝကို ရတုန်းရခိုက် တတ်အား သ၍ ကုသိုလ်ကောင်းမှုပြုရန် မမေ့ အပ်ကြောင်း တိုက်တွန်းရပေသည်။



Generated by CamScanner from intsig.com

၁၅။ ဤဘဝတွင် အလှူဒါနပြင့်ဖြစ်ပြီးသော ကောင်းမှုအနည်းငယ်မျှ ပြုလုပ်၏။ သီလဖြင့်ပြီးသော ကောင်းမှုအနည်းငယ်မျှ ပြုလုပ်၏။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ကျင့်ကြံပွားများအားထုတ်မှုကား မပြုမိခဲ့သောအကြောင်းများကြောင့် သေလွန် သော် ဘုန်းကံနည်းပါးသော လူ့ဘဝသို့ ရောက်ရပါသည်။

၁၆။ ဤဘဝတွင် ဒါနဖြင့်ပြီးသော ကောင်းမှုကို တိုင်းတိုင်းထွာထွာဖြင့် ပြုလုပ်၏။ သီလဖြင့်ပြီးသော ကောင်းမှုကို တိုင်းတိုင်းထွာထွာဖြင့် ပြုလုပ်၏။ သမထဘာဝနာ ဝိပဿနာဘာဝနာ ကျင့်ကြံပွားများ အားထုတ်မှု မပြုမိခဲ့သော အကြောင်းများကြောင့် သေလွန်သော်ဘုန်းကံကြီးမားသော လူ့ဘဝသို့ ရောက်ရပါသည်။





၁၇။ ဤဘဝတွင် ဒါနဖြင့်ပြီးသောကောင်းမှုကို လွန်ကဲစွာ ပြုလုပ်၏။ သီလဖြင့်ပြီးသော ကောင်းမှုကို လွန်ကဲစွာ ပြုလုပ်၏။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ကျင့်ကြံပွားများအားထုတ်မှုကို မပြုလုပ်မိခဲ့သော အကြောင်းများကြောင့် သေလွန်သော် နတ်ပြည်သို့ ရောက်၏။

(မှတ်ချက်) ရောက်ရှိသည့် နတ်ဘုံခြင်း တစ်ဦးနှင့်တစ်ဦး မတူနိုင်ပါ။ မတူရခြင်းမှာ စေတနာ သဒ္ဓါတရား ထက်သန်မှု အသိဉာဏ်ပညာ အနုအရင့် မတူညီမှု ရည်မှန်းချက် ဆုတောင်း မတူညီမှု စသော အကြောင်းများကြောင့် ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၅၈။ သီလရှိသောသူသည် အောက်ပါအလှူဝတ္ထု (ဆယ်ပါး) ဖြစ်သော

(၁) စားဖွယ် ထမင်းဟင်း အစားအစာ
(၂) သောက်ဖွယ် အဖျော်
(၃) ဝတ်ဖွယ် သင်္ကန်း၊ အဝတ်အစား
(၄) ယာဉ်ကား၊ ထီး၊ ဖိနပ်
(၅) ပန်းအမျိုးမျိုး
(၆) နံ့သာရည်အမျိုးမျိုး
(၇) လိမ်းကျံစရာ နံ့သာပျောင်း
(၈) အိပ်ရန်၊ ထိုင်ရန်၊ ထိုင်ခင်း
(၉) နေရန်၊ အိမ်၊ ကျောင်း၊ ဇရပ်
(၁၀) ထွန်းညှိစရာ ဆီမီး

တို့ကို လှူဒါန်းသော် သေလွန်ပြီးနောက် ရောက်နိုင်သည့် **ဌာနရှစ်ခု** ရှိပါသည်။ ၎င်း ရှစ်ဌာနမှာ လူဘုံ (သူဌေးသူကြွယ်အဖြစ်)၊ နတ်ဘုံခြောက်ထပ်၊ ပြဟ္မာဘုံ တို့ဖြစ်ကြပါသည်။





**(မှတ်ချက်)** (၁) လူဘုံနှင့် နတ်ဘုံ (ခြောက်)ဘုံ၊ စုစုပေါင်း (ခုနစ်) ဘုံသည် ကာမ သုဂတိ (ခုနစ်) ဘုံ ဖြစ်ပါသည်။

(၂) လှူဒါန်းရာတွင် ရည်မှန်းချက် ဆုတောင်းသည် ကာမဘုံကို တပ်မက်မှုကင်းမှသာ ကာမဂုဏ် ချမ်းသာကို ခံစားခြင်း မရှိကြသော သူတော်စင်တရားများ ပွားများကျင့်ကြံ အားထုတ်ရာ ပြဟ္မာဘုံသို့ ရောက် နိုင်ပါသည်။

၅၉။ ယခုဘဝတွင် မကွယ်လွန်မီကထဲက အထက် နတ်ပြည်တွင် နတ်ဗိမာန် အဆင်သင့် ကြိုတင် ဖြစ်ပေါ်နေရသော **အကျိုးမှာ** ယခုဘဝတွင် စေတနာထက်သန်စွာဖြင့် ရဟန်းသံဃာတော် များအတွက် (ကျောင်း) ဆောက်လုပ်လှူဒါန်း ထားသော **အကြောင်းကြောင့်** ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၆၀။ ယခုဘဝ သေဆုံးခါနီးအချိန်တွင် နတ်ရထား ဆိုက်လတ္တံ့ ထိုသို့ဖြစ်ရခြင်း **အကျိုးမှာ** ယခုဘဝ၌ အုတ်အင်္ဂတေဖြင့် ဆောက်လုပ်သော စင်္ကြံ လှူဒါန်းထားသော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၆၁။ ယခုဘဝတွင် ပြုလုပ်လိုက်သော အလှူဒါနသည် မျက်မှောက်ဘဝ၌ပင် မလွှဲမသွေ မုချ အကျိုးပေး၍ တောင်းသောဆုနှင့် ပြည့်ဝရခြင်း **အကျိုးမှာ**

(က) အလှူပစ္စည်းသည် တရားသဖြင့် ရှာဖွေရရှိသော **သန့်ရှင်းသည့်** ပစ္စည်းဖြစ်ခြင်း၊

(ခ) **စေတနာသုံးတန်** ထက်သန်စွာဖြင့် လှူဒါန်းခြင်း (စာမျက်နှာ ၂၃)





(ဂ) အလှူခံပုဂ္ဂိုလ်သည် ရဟန္တာဖြစ်ခြင်း

(ဃ) အလှူခံပုဂ္ဂိုလ်သည် မစားမသောက် မအိပ်ဘဲ **ခုနစ်ရက်တိုင်တိုင် နိဗ္ဗာန်** အာရုံပြု၍ တရားအားထုတ်ရာမှ ထပြီးခါစ အချိန်ဖြစ်ခြင်း **အကြောင်းတို့ကြောင့်** ဖြစ်ပါသည်။

၆၂။ သတိ၊ ဝီရိယ၊ ဉာဏ်ပညာ

❋ အကြောင်းနှင့် အကျိုးဆက်တရားတော်များသည် ရေး၍မကုန်နိုင်၊ ပြော၍ မကုန်နိုင်ပါ။ ယခုဘဝတွင် သတ္တဝါတို့၏ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော အကျိုးအားလုံးသည် ရှေးဘဝများက ပြုခဲ့သော ကံကြောင့်ချည်းသာ ဖြစ်ရသည်ဟု စွဲလန်းနေကြလျှင် လွဲမှားသော မိစ္ဆာအယူအဆ တစ်မျိုးသာ ဖြစ်ပါသည်။



Generated by CamScanner from intsig.com

❈ မကောင်းလည်းကံ ကောင်းလည်းကံဟု မိမိမမြင်နိုင်သော ရှေးဘဝကံကိုချည်း တွေးကြောက်မနေဘဲ အားကိုးမနေဘဲ ယခုဘဝတွင် လက်ငင်းထားရှိအပ်သော သတိ၊ ဝီရိယ၊ ဉာဏ်ပညာတို့နှင့် ပြည့်စုံနေရန်လည်း လိုအပ်ပါသည်။

❈ ယခုဘဝတွင် ရုတ်တရက် ထီဆုကြီးများပေါက်ခြင်း၊ အမွေပစ္စည်းများစွာ ရရှိခြင်းတို့မှာ ရှေးဘဝများက ပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့်ဟု ပြောၡရနိုင်ပါသည်။

❈ ပုံမှန်လုပ်ကိုင်ရောင်းဝယ် နေသူတစ်ဦးကြီးပွားချမ်းသာလာမှု တစ်ကျပ်သား၌ ရှေးကုသိုလ်ကံ၏ အကျိုးပေးမှုမှာ တစ်မတ်သားဝန်းကျင်သာ ပါဝင်နိုင်ပါသည်။ အရာရာတွင် သတိရှိခြင်း၊ မမေ့မလျော့ခြင်း၊ ပါးနပ်လိမ္မာခြင်း





စသည့် ဉာဏ်ပညာတို့နှင့် ပြည့်စုံခြင်းတည်းဟူသော ယခုဘဝ၌ စိုက်ထုတ်အပ်သည့် သတိ၊ ဝီရိယ၊ ဉာဏ်ပညာများကြောင့် အကျိုးပေးမှုမှာ သုံးမတ်သားဝန်းကျင်ခန့် ရှိနိုင်ပါသည်။

❈ ယခုဘဝတွင် သတိ ဝီရိယ ဉာဏ်ပညာတို့ဖြင့် ပြည့်စုံပြီး ကုသိုလ်ကောင်းမှုများကို တတ်အားသ၍ လုပ်နေသူ တစ်ဦးသည် ရှေးဘဝများက ပြုခဲ့ဘူးသည့် ကုသိုလ်ကံများကို ယခုဘဝတွင် အကျိုးပေးနိုင်ရန်အတွက် အခွင့်သာအောင် ဖန်တည်းပြုလုပ်ပေးခြင်း မည်ပါသည်။

❈ မမြင်နိုင်သော ရှေးဘဝကုသိုလ်ကံကို အားကိုးပြီး ထိုင်နေရုံမျှဖြင့် ဘာမျှဖြစ်မလာနိုင်ပါ။ သတိ၊ ဝီရိယ၊ ဉာဏ်ပညာများ ပြည့်စုံအောင် ကြိုးစားနိုင်ကြပါစေ။



Generated by CamScanner from intsig.com

## မကောင်းမှု အကုသိုလ် အကျိုးဆက်များ

၁။ ယခုဘဝတွင် ဆွံ့အ၊ နားမကြားရခြင်း **အကျိုးမှာ** ရှေးဘဝများက သူတစ်ပါးအား ကြမ်းတမ်းစွာ ဆဲဆိုခဲ့သော**အကြောင်းကြောင့်** ဖြစ်ပါသည်။

၂။ ယခုဘဝတွင် အရုပ်ဆိုးရခြင်း**အကျိုးမှာ** ရှေးဘဝများက အလှူဒါနပြုလုပ်ရာတွင် မကြည်မလင် သောစိတ်ဖြင့် လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၃။ ယခုဘဝတွင် နားထိုင်းရခြင်း**အကျိုးမှာ** ရှေးဘဝများက တရားတော်များ ဟောကြားခြင်းကို မရိုမသေ မလေးမစား နားထောင်ခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။





၄။ ယခုဘဝတွင် နွား၊ မြင်း ဖြစ်ရခြင်း**အကျိုးမှာ** ရှေးဘဝများက သူတစ်ပါး၏ အကြွေးကို မပေးဆပ်ခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၅။ ယခုဘဝတွင် ဉာဏ်ထိုင်းရခြင်း၊ ဉာဏ်ပညာနည်းရခြင်း**အကျိုးမှာ** ရှေးဘဝများက သူတစ်ပါးအား မဟုတ်မမှန်သော စကားများ ပြောဆိုခဲ့သော**အကြောင်းကြောင့်**ဖြစ်ပါသည်။

၆။ ယခုဘဝတွင် သူတစ်ပါး၏ အခိုင်းအစေ ဖြစ်ရခြင်း**အကျိုးမှာ** ရှေးဘဝများက ကျေးဇူးရှင်ကို ကျေးဇူး မသိတတ်ခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။

၇။ ယခုဘဝတွင် သားသမီးများ၏ စိတ်ဓာတ် ကျပ်မပြည့်ရခြင်း**အကျိုးမှာ** ရှေးဘဝများက မူးယစ်ဆေးဝါး၊ သေရည်သေရက်များ သုံးစွဲ သောက်စားခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၈။ ယခုဘဝတွင် စိတ်ဆင်းရဲရမှု၊ ပင်ပန်းနွမ်းနယ်မှု ဖြစ်ရခြင်း**အကျိုးမှာ** ရှေးဘဝများက သူတစ်ပါး ကြီးပွားချမ်းသာမှုကို မနာလိုခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။

၉။ ယခုဘဝတွင် စားဝတ်နေရေး ရှားပါး ချို့တဲ့သည့် ဆင်းရဲသောအမျိုး၌ လူ (သို့) တိရိစ္ဆာန်ဖြစ်ရခြင်း **အကျိုးမှာ** ရှေးဘဝများက သူတစ်ပါး၏ ပေးလှူခြင်းကို ဟန့်တားခြင်း ခြိမ်းခြောက်ခြင်းများ ပြုခဲ့သော **အကြောင်း ကြောင့်**ဖြစ်ပါသည်။

၁၀။ ယခုဘဝတွင် ဇနီး သားသမီး အခြွေအရံများက မိမိ၏စကားကို နားမထောင်ကြခြင်း **အကျိုးမှာ** ရှေးဘဝများက အလှူဒါနပြုခဲ့ရာတွင် မရိုမသေ မလေးမစား လှူဒါန်းခဲ့သော **အကြောင်းကြောင့်** ဖြစ်ပါသည်။





၁၁။ ယခုဘဝတွင် မိမိအလိုရှိသောအချိန်၌ လိုအပ်နေသော ပစ္စည်းဥစ္စာကို မရရှိနိုင်ခြင်း **အကျိုးမှာ** ရှေးဘဝများက အလှူခံပုဂ္ဂိုလ် အလိုရှိသော အချိန်တွင် မိမိက မလှူခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။

၁၂။ ယခုဘဝတွင် ရန်သူမျိုးငါးပါးတို့နှင့်သာ တွေ့ကြုံနေရခြင်း**အကျိုးမှာ** ရှေးဘဝများက သူတစ်ပါးပစ္စည်းအား ခိုးယူခဲ့သော **အကြောင်း ကြောင့်**ဖြစ်ပါသည်။

၁၃။ ယခုဘဝတွင် အကုသိုလ်ဖြစ်စေသော မကောင်းမှု ဟူသမျှကို ပြုမိလွယ်ခြင်း**အကျိုးမှာ** ရှေးဘဝများက မူးယစ်ဆေးဝါး၊ သေရည် သေရက်များ သုံးစွဲသောက်စားခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၁၄။ ယခုဘဝတွင် အသက်တိုရခြင်း**အကျိုးမှာ** ရှေးဘဝများက သူတစ်ပါး၏ အသက်ကို သတ်ခဲ့ခြင်း (သို့) သူတစ်ပါး၏ ခင်ပွန်း၊ ဇနီး၊ သားသမီးတို့အား ပြစ်မှား ကျူးလွန်ခဲ့ခြင်း (သို့) မူးယစ်ဆေးဝါး သေရည်သေရက်များ သုံးစွဲသောက်စားခဲ့ခြင်း **အကြောင်းများကြောင့်** ဖြစ်ပါသည်။

၁၅။ ယခုဘဝတွင် ခြေလက်အင်္ဂါမစုံလင်ခြင်း မစွမ်းအသန်ဖြစ်ရခြင်း **အကျိုးမှာ** ရှေးဘဝများက လူတိရိစ္ဆာန်တို့အား ညှင်းပန်းနှိပ်စက်ခဲ့သော**အကြောင်းကြောင့်**ဖြစ်ပါသည်။

၁၆။ ယခုဘဝတွင် အသက်မွေးဝမ်းကျောင်းမှု၊ ငွေကြေးဥစ္စာရှာဖွေမှု မလုပ်တတ်ခြင်း၊ မတတ်ကျွမ်းခြင်း **အကျိုးမှာ** ရှေးဘဝများက သူတစ်ပါးပစ္စည်းများအား ခိုးယူခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။





၁၇။ ယခုဘဝတွင် မိမိ၏ စည်းစိမ်ဥစ္စာများသည် ရန်သူမျိုးငါးပါးတို့၏ ဖျက်ဆီးခြင်းကို ခံရသော**အကျိုးမှာ** ရှေးဘဝများက **မိမိ၏** အလှူဒါနကြောင့် လူတိရိစ္ဆာန်တို့ကို ထိခိုက်ညှင်းဆဲ သတ်ဖြတ်မှုများ **ပြုခဲ့သော အကြောင်းကြောင့်**ဖြစ်ပါသည်။

၁၈။ ဤဘဝတွင် **သူတစ်ပါးအသက်သတ်ခြင်းကို** အကြိမ်ကြိမ်ပြုလုပ်သည့်ရှိသော် အပေါ့ဆုံး မကောင်းကျိုးကား သေလွန်ပြီးနောက် လူပင်ဖြစ်သော်လည်း အသက်တိုခြင်းကိုဖြစ်၏၊ အပြင်းထန်ဆုံး မကောင်းကျိုးကား ငရဲသို့ ကျရောက်စေ၏။



Generated by CamScanner from intsig.com

၁၉။ ဤဘဝတွင် **သူတစ်ပါးဥစ္စာ ခိုးယူခြင်း** အကြိမ်များစွာ ပြုအပ်သည်ရှိသော် အပေါ်ဆုံး မကောင်းကျိုးကား သေလွန်ပြီးနောက် လူ့ပင်ဖြစ်သော်လည်း စည်းစိမ်ဥစ္စာ ပျက်စီးခြင်းကို ဖြစ်စေ၏။ အပြင်းထန်ဆုံး မကောင်းကျိုးကား ငရဲသို့ ကျရောက်စေ၏။

၂၀။ ဤဘဝတွင် **ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်း** သူတစ်ပါး မယားကို ပြစ်မှားခြင်းတို့ကို အကြိမ်များစွာ ပြုအပ်သည်ရှိသော် အပေါ်ဆုံး မကောင်းကျိုးကား သေလွန်ပြီးနောက် လူပြန် ဖြစ်သော်လည်း ရန်သူများ စေတတ်၏။ အပြင်းထန်ဆုံး မကောင်းကျိုးကား ငရဲသို့ ကျရောက်စေ၏။





၂၁။ ဤဘဝတွင် **မဟုတ်မမှန်သော စကားကို** အကြိမ်များစွာ ပြောသည်ရှိသော် အပေါ်ဆုံး မကောင်းကျိုးကား သေလွန်ပြီးနောက် လူ့ပင်ပြန်ဖြစ်သော်လည်း မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းကိုခံရ၏။ အပြင်းထန်ဆုံး မကောင်းကျိုးကား ငရဲသို့ကျရောက်စေ၏။

၂၂။ ဤဘဝတွင် **သေရည်သေရက်ကို** အကြိမ်များစွာ သောက်စားခြင်းကြောင့် အပေါ်ဆုံး မကောင်းကျိုးကား လူ့ပင်ဖြစ်သော်လည်း ရူးသွပ်ခြင်းကို ဖြစ်စေ၏။ အပြင်းထန်ဆုံး မကောင်းကျိုးကား ငရဲသို့ကျရောက်စေ၏။

၂၃။ ယခုဘဝတွင် ပထမအရွယ်၌ ဆင်းရဲနွမ်းပါးရခြင်း ရုပ်ရည်မလှမပဖြစ်ရခြင်း**အကျိုးမှာ** ရှေးဘဝများက အလှူဒါနပြုခဲ့ရာတွင် မလှူခင်ထားရှိအပ်သောစေတနာ (ပုဗ္ဗစေတနာ) ချို့တဲ့ ပျက်ကွက်ခဲ့သော အကြောင်းကြောင့် ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၂၄။ ယခုဘဝတွင် **သားသမီး မရရှိခြင်းအကျိုးမှာ** ရှေးဘဝများက ကျေးငှက်တိရိစ္ဆာန်များကို သတ်ဖြတ် မိခဲ့ကြသူနှစ်ဦး ဇနီးမောင်နှံအဖြစ် လာ၍ပေါင်းဆုံမိသော **အကြောင်းကြောင့်** ဖြစ်ပါသည်။

၂၅။ ယခုဘဝတွင် ပစ္စည်းဥစ္စာချမ်းသာသော်လည်း ကောင်းမြတ်သောအစားအသောက်များကို ပေးဝယ်၍ **မစားရက်**၊ ကောင်းမြတ်သော အဝတ်အထည်များကို ရှိလျက်နှင့် **မဝတ်ရက်**၊ ကောင်းမြတ်သော အသုံးအဆောင်ပစ္စည်းများကို ရှိလျက်နှင့် **မသုံးရက်** ဝယ်နိုင်လျက်နှင့် **မဝယ်ရက်** ဖြစ်ရခြင်း**အကျိုးတို့မှာ** ရှေးဘဝများက အလှူဒါနပြုခဲ့ရာတွင် လှူဒါန်းပြီးနောက် ဝမ်းမြောက်ဝမ်းသာဖြစ်ရမည့် စေတနာ (အပရ စေတနာ) ချို့တဲ့ပျက်ကွက်ခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။





၂၆။ ယခုဘဝတွင်ပစ္စည်းဥစ္စာ ချမ်းသာသော်လည်း စားကောင်းသောက်ဖွယ်များကို စားလိုစိတ် မရှိဘဲ ညံ့ဖျင်းသော အစားအသောက်များကိုသာ မြိန်မြိန်ယှက်ယှက် စားသုံးနေခြင်း **အကျိုးမှာ** ရှေးဘဝများက အလှူဒါနပြုခဲ့ရာတွင် ပြည့်စုံအပ်သော အင်္ဂါငါးပါးနှင့် မပြည့်စုံခဲ့သော**အကြောင်းကြောင့်**ဖြစ်ပါသည်။ (အင်္ဂါငါးပါးအကြောင်း စာမျက်နှာ ၃၃ တွင် ကြည့်ပါရန်)

၂၇။ ယခုဘဝတွင် ပစ္စည်းဥစ္စာချမ်းသာသော်လည်း တန်ဖိုးထိုက်သော အဝတ်အထည်ကောင်းများ၊ အဝတ်အထည်သစ်များကို ရှိလျက်နှင့် ဝတ်ဆင်ရန် ဆန္ဒမရှိဘဲ ဟောင်းနွမ်းနေသော ညံ့ဖျင်းနေသော၊ ဖာထေးထားသော အဝတ်အထည်များကိုသာ ဝတ်ဆင်နေရခြင်း **အကျိုးမှာ** ရှေးဘဝများက အလှူဒါနပြုခဲ့ရာတွင် ပြည့်စုံအပ်သော အင်္ဂါငါးပါးနှင့် မပြည့်စုံခဲ့သော**အကြောင်းကြောင့်**ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၂၈။ ယခုဘဝတွင် အဖိုးထိုက်သော ယာဥ်ကား တို့ကို ဝယ်စီးနိုင်လျက် မစီးဘဲ ပင်ပင်ပန်းပန်း သွားလာနေခြင်း**အကျိုးမှာ** ရှေးဘဝများက အလှူဒါနပြုခဲ့ရာတွင် ပြည့်စုံအပ်သော အင်္ဂါငါးပါးနှင့်မပြည့်စုံခဲ့သော **အကြောင်း ကြောင့်**ဖြစ်ပါသည်။

၂၉။ ယခုဘဝတွင် ချောမောလှပသော ချစ်စဖွယ် မိန်းမပျိုလေးများကို တွေ့မြင်လျှင် ဘီလူး သရဲကဲ့သို့ ထင်မှတ်ကြောက်လန့်နေရခြင်း **အကျိုးမှာ** ရှေးဘဝများက အလှူဒါနပြုခဲ့ ရာတွင် ပြည့်စုံအပ်သော အင်္ဂါငါးပါးနှင့်မပြည့်စုံ ခဲ့သော **အကြောင်းကြောင့်**ဖြစ်ပါသည်။ (အင်္ဂါငါးပါးအကြောင်း စာမျက်နှာ ၃၃ တွင် ကြည့်ပါရန်)





၃၀။ ယခုဘဝတွင် ခွေးရူးကောင်းစား တစ်မွှန်းတည့် ဆိုသကဲ့သို့ တခဏသာမျှသာချမ်းသာပြီး ပြန်၍ဆင်းရဲ ဒုက္ခရောက်ရခြင်း**အကျိုးမှာ** ရှေးဘဝများက ပြုခဲ့သော ကုသိုလ်ဒါန တို့ကြောင့် ကြီးပွားချမ်းသာလာရသော်လည်း ယခုဘဝတွင် ဉာဏ်ပညာနည်းမှု၊ သတိမရှိမှု၊ ဝီရိယနည်းမှု၊ သူတစ်ပါးကြီးပွားချမ်းသာ မှုကို မနာလိုမှု၊ မာန်မာနကြီးမှုတို့ကြောင့် ရှေးဘဝ များက ပြုခဲ့သော အကုသိုလ်ကံတို့ ပြန်လည် အခွင့်သာလာသော **အကြောင်းများကြောင့်** ချမ်းသာသုခများ ပြန်လည် ပျက်စီးသွားရခြင်း ဖြစ်ပါသည်။



Generated by CamScanner from intsig.com

၃၁။ ဆားတစ်ပိဿာကို အင်းလေးကန်ထဲ ပစ်ချသော် ရေအရသာမပျက်သကဲ့သို့ များစွာသော ကုသိုလ် ကောင်းမှုပြုလုပ်ထားသူကို အနည်းငယ်မျှသော အကုသိုလ်တို့က မနှောက်ယှက်နိုင်ပါ။ ဆားတစ်ပိဿာကို သောက်ရေအိုးတစ်လုံးထဲသို့ ထည့်လျှင် သောက်ရေတွေ အကုန်ပျက်သကဲ့သို့ အနည်းငယ်သော ကုသိုလ်ကောင်းမှု ပြုလုပ်ထားသူကို အနည်းငယ်သော အကုသိုလ်ကပင် နှောက်ယှက်နိုင်ပါသည်။ **ထို့ကြောင့် ယခုဘဝတွင် အကုသိုလ် နည်းပါးနိုင်သမျှ နည်းအောင် ပြောဆို နေထိုင်ပြုမူကြ၍ ကုသိုလ်ကောင်းမှုများ နိုင်သမျှများအောင် ကြိုးစားလုပ်ဆောင် သင့်ပါကြောင်း အကြံပြုအပ်ပါသည်။**





၃၂။ အို အသင်လူသား

အချို့သည် နံနက်ခင်းက ပြုံးရွှင်စွာတွေ့ရပြီး ညအခါရောက်သော် မတွေ့မြင်ရတော့ဗေ။ အချို့သည် ညချမ်းအခါတွင် ကျန်းမာစွာ တွေ့ရပြီး နံနက်မိုးလင်းသော် မတွေ့မြင် ရတော့ပေ။ အဘယ်သူသည် ဘယ်နေ့တွင် သေရလိမ့်မည်ကို သိနိုင်ပါအံ့နည်း။ တောင်တောင်ဤဤ ပလီပလာ မာယာဉာဏ် များစွာနှင့် ရှင်သေမင်းအား ဟိုနေ့ရောက်မှ ခေါ်ပါ ဒီနေ့ရောက်မှ ခေါ်ပါဟု အဘယ် သူသည် တံစိုးလက် ဆောင်ထိုး၍ ချိန်းချက် နိုင်မည်နည်း။ **အို မိတ်ဆွေ ယနေ့ပင်လျှင် မဆိုင်းမရွေ့ ပြုဖွယ်ဖြစ်သော ဒါန၊ သီလ၊ ဘာဝနာ ကမ္မဋ္ဌာန်းတို့ကို တတ်အားသမျှ ပြုလုပ်အပ်ပါကြောင်း စေတနာကောင်းဖြင့် အသိပေးအပ်ပါသည်။**

ပြည့်ကျော်လွင် (ပညာရေး) (ဖုန်း–၇၀၉၅၁၀)



Generated by CamScanner from intsig.com

အောက်ပါ စာအုပ် ကျမ်းဂန်များကို ရှီသေ လေးစားစွာ မှီငြမ်းပြုပါသည်။

၁။ ဒါနကထာ
(သာသနာရေးဦးစီးဌာန) (၁၉၉၉)

၂။ ကိုယ်ကျင့်အဘိဓမ္မာ
(ဆရာတော်အရှင်ဇနကာဘိဝံသ) (၁၉၉၉)

၃။ ဒါနကြေးမုံကျမ်း
(အရှင်ဣန္ဒကာ ဘိဝံသ) (၁၉၉၁)

၄။ ဒါနဟူသည်၊ သီလဟူသည်
(တည်တောဆရာတော်ဘုရားကြီး) (၂၀၀၀)

၅။ ဝရဒါနာဒိ ဒီပကကျမ်း
(ပခုက္ကူ အရှင်ကေသရ) (၁၉၉၅)

၆။ မြတ်ဒါန
(ဆရာကြီး ဒေါက်တာမင်းတင်မွန်) (၁၉၉၅)

၇။ ကုသိုလ်အကျိုးပြတရားတော်များ
(ပထမတွဲ) (၁၉၉၉)
(ပါဠိပါရဂူ ဆရာကြီး ဦးအောင်မိုး)





၈။ ဒါနလေ့ကား နတ်ပြည်သွား
(ဆရာမောင်ချစ်ညို၊ ပဲခူး) (၁၉၉၈)

၉။ မြတ်ဗုဒ္ဓ၊ မြတ်နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက် ကြောင်း ဒါန၊ သီလ၊ ဘာဝနာ
(ဆရာကြီး ဦးကံညွန့်) (၁၉၉၉)

၁၀။ ကုသိုလ်အကျိုးပြတရားတော်များ
(ဒုတိယတွဲ)
(ပါဠိပါရဂူ ဆရာကြီး ဦးအောင်မိုး) (၁၉၉၉)

၁၁။ မြတ်သီလ
(ဆရာကြီး ဒေါက်တာမင်းတင်မွန်) (၁၉၉၇)

၁၂။ မြန်မာခေတ်ကောင်း၊ စံနစ်ဟောင်း၊ မြန်မာပြည်ဖြစ်၊ စံနစ်သစ် (ရှင်သာမဏေ ဝမ္ပဗိမ္ပာန်သာသနာ့ဝန်ဆောင်အဖွဲ့)

၁၃။ နတ်ပြည်လောက (ဓမ္မစရိယ ဆရာကြီး ဦးစိုးဝင်း) (၁၉၈၂)



Generated by CamScanner from intsig.com

ဝမ်းဒါန လှူဒါန်းဝေငှ ကုသိုလ်ယူလိုလျှင် မှာကြားရန်

အထူးနှုန်း ကျပ်ဖြင့် ဆောင်ရွက်ပေးပါသည်။

၁။ ဒေါ်ကြူကြူဝင်း(ဖုန်း - 01-709519)
အမှတ် (၂၉) ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်။

၂။ ပါရမီစာပေ (ဖုန်း - 01-253246)
အမှတ် (၂၃၀)၊ (၂၉) လမ်းအထက်၊ ရန်ကုန်။

၃။ ရတနာအောင်စာပေ (ဖုန်း-တဆင့်/01-661148)
ကမ္ဘာအေးဘုရား၊ မုခ်ဦးထိပ်၊ ဆိုင်အမှတ် (၁) ရန်ကုန်။

✦✦✦✦✦

## စာအုပ်ဆိုင်များမှ အလိုရှိသော် မှာကြားရန်

၁။ ဒေါ်ညွန့်ဝေ ပိဋကတ်စာအုပ်ဆိုင်
အမှတ် ၃၉/၄၀၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်
ရန်ကုန် (ဖုန်း-တဆင့်/01-2434185)

၂။ ပါရမီစာပေ (ဖုန်း - 01-253246)
အမှတ် (၂၃၀)၊ (၂၉) လမ်းအထက်၊ ရန်ကုန်။



ထုတ်ဝေပြီးစာအုပ်

## ကွယ်လွန်သူအတွက် ရည်စူး၍ အလှူဒါန ပြုလုပ်နည်း

ပြည်ကျော်လွင် (ပညာရေး)

♥ ကွယ်လွန်သွားပြီးကုန်သော မိဘသားချင်းများအပေါ် သင့်ရဲ့တာဝန်ကြေပြွန်ပါရဲ့လား။
သင်ပြုလုပ်ပေးမည့် ကုသိုလ်ကောင်းမှုကို သာဓုခေါ်ရန်အတွက် ကွယ်လွန်သူများက စောင့်မျှော်နေတတ်ကြပါသည်။

♥ ကွယ်လွန်သူ များကို တမ်းတမ်းတတ မှတ်မှတ်ရရ မေ့မရသူများနှင့် ကွယ်လွန်သွားသူများကို ရည်စူး၍ နည်းစနစ်တကျ ထိထိရောက်ရောက် အလှူဒါန ပြုလုပ်ပေးလိုသူများအတွက် လေ့လာသင့်သော စာအုပ်ဖြစ်ပါသည်။

♥ ဝမ်းဒါန ကုသိုလ်ယူ လှူဒါန်းလိုသူများနှင့် သာရေး၊ နာရေးများတွင် ကူညီလိုသူများအတွက် အထူးသက်သာသော နှုန်းဖြင့် ဆောင်ရွက်ပေးပါသည်။
(ပင်ရင်း) ဒေါ်ကြူကြူဝင်း (ဖုန်း - 01-709519)
အမှတ် (၂၉) ရေကျော်လမ်းမ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။

♥ ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုအမှတ် ၃၇၃/၂၀၀၀ (၆)



Generated by CamScanner from intsig.com

# ဓမ္မဒါန

ဗုဒ္ဓရှင်တော်မြတ်ဘုရား
ဟောကြားတော် မူအပ်သော
တရားဒေသနာတော်များကို သတ္တဝါတို့
အကျိုးငှာ ဖြန့်ဝေခြင်း၊ လှူဒါန်းခြင်း
မည်သော ဓမ္မဒါနသည်၊
အခြားဒါနများထက် ပို၍ မြတ်ပါသည်။

ဓမ္မဒါနသည် အမြိုက် နိဗ္ဗာန်ကို
ပေးလှူသည်နှင့် တူ၏၊
ဒါနအားလုံးအနက် အမြတ်ဆုံးဒါန
ဖြစ်ပေသည်။



Generated by CamScanner from intsig.com